KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဒီဇင်ဘာလ ၁၉ ရက်နေ့၊ ၂၀၂၃ ခုနှစ် /KHRG စာအမှတ်- 23-144-I1

---

# ဒူးပလာယာခရိုင်မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- ကော်တရိမြို့နယ်တွင် အမျိုးသားတစ်ဦးမှ အသက် (၁၉) နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို သူမ၏နေအိမ်၌ လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ရန် ကြိုးပမ်းမှု (၂၀၂၃ခုနှစ်၊ ဧပြီလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၃ ခုနှစ်၊ ဧပြီလ၌ ဒူးပလာယာခရိုင်၊ ကော်တရိ (ကော့ကရိတ်) မြို့နယ်၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်ကိုဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် အမျိုးသားတစ်ဦးမှ အသက် (၁၉) နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို သူမ၏နေအိမ်၌ အိပ်ပျော်နေစဥ် ကိုယ်ထိလက်ရောက်နှင့် လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်ရန် ကြိုးပမ်းခဲ့သည်။ သူမသည် ကလေးငယ်ဘေးတွင်အိပ်ပျော်နေစဥ် အဆိုပါအိမ်နီးချင်းအမျိုးသားမှ သူမ၏အခန်းတွင်းသို့ ဝင်ရောက်လာခဲ့ပါသည်။ ထိုအချိန်၌ သူမ၏ခင်ပွန်းသည် အိမ်၌မရှိပါ။ ကျူးလွန်ခံရသူမှ ဖြစ်ပွားခဲ့သည့်ဖြစ်ပျက်မှုကို ကျိုက်ဒုံမြို့၊ အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့တင်ပြခဲ့သော်လည်း ၎င်းမှ ဤအမှုကို ကိုင်တွယ်ဖြေရှင်းရန် ငြင်းဆိုခဲ့ပါသည်။ သူမသည် ဤဖြစ်ပျက်မှုအား ကရင်အမျိုးသားအစည်းအရုံး (KNU) တရားရေးဆိုင်ရာအာဏာပိုင်များထံသို့ လွှဲပြောင်းပေးရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို တောင်းဆိုခဲ့သော်လည်း ၎င်းမှ ငြင်းဆိုမှုပြုခဲ့ပြီး အဆိုပါအမှုအား ဒေသခံနယ်ခြားစောင့်တပ် (BGF) ထံသို့လွှဲပြောင်းရန် သူမကို အတင်းအကြပ်ပြုခဲ့ပါသည်။ ထို့ကြောင့် ဤဖြစ်ပွားခဲ့သည့်ဖြစ်ပျက်မှုသည် အရေးယူဖြေရှင်းပေးခြင်းမရှိပဲ ဖြစ်နေလျှက်ရှိပါသည်။*[1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ရန်ကြိုးပမ်းမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ခုနှစ်၊ ဧပြီလ ၂၃ရက် |

[1] ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံထားပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်) | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျိုက်ဒုံမြို့၊ အမှတ် (၁) ရပ်ကွက် |
|---|---|

| အမည် | မ က--- |
|---|---|
| အသက် | ၁၉ နှစ် |
| ကျား/မ | မ |
| လူမျိုး | ကရင် |
| မိသားစုရှိ/မရှိ | မိသားစုရှိ |
| အလုပ်အကိုင် | - |
| ကိုးကွယ်သည့် ဘာသာ | - |
| ရာထူးအဆင့် | ရွာသား |
| နေရပ် ရွာအမည် | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျိုက်ဒုံမြို့၊ အမှတ် (၁) ရပ်ကွက် |

| အမည် | အလုပ်အကိုင် | နေရပ် ရွာအမည် |
|---|---|---|
| မောင်ခ--- | မသိ | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျိုက်ဒုံမြို့၊ အမှတ် (၁) ရပ်ကွက် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| KHRG ၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ပြစ်မှုကျူးလွန်ခံရသူနှင့် သူမ၏မိခင်တို့ကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအချက်အလက်ကို ပြစ်မှုကျူးလွန်ခံရသူ အမျိုးသမီးထံမှ လက်ခံရရှိခဲ့သည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
| --- |
| ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ညအချိန်တွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျိုက်ဒုံမြို့၊ အမှတ် (၁) ရပ်ကွက် တွင်နေထိုင်သော အသက် (၁၉) နှစ်အရွယ်ရှိ မက---သည် သူမ၏ (၇) လသားအရွယ်ရှိ ကလေးငယ်နှင့်အတူ အိမ်၌ အိပ်ပျော်နေခဲ့ကြပါသည်။ ထိုအချိန်၌ မက--- ၏ခင်ပွန်းသည် အိမ်တွင်မရှိပါ။ သူမ၏ အိမ်နီးချင်းဖြစ်သူ မောင်ခ---သည် မနက် ၁ နာရီဝန်းကျင်ခန့်တွင် လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်ရန် ရည်ရွယ်ချက်ဖြင့် သူမ၏အိပ်ခန်းထဲသို့ ဝင်ရောက်လာခဲ့ပါသည်။ ၎င်းမှ မက--- နှင့် သူမ၏ ကလေးငယ်အိပ်ပျော်နေသည့် ခြင်ထောင်ကိုဖွင့်ကာ သူမအား တင်းကြပ်စွာဆုပ်ကိုင်ထားပြီး လည်ပင်းကိုလည်းခိုင်မာစွာဆွဲထားသည့်အပြင် ကိုယ်လွတ်ရုန်းရန်ကြိုးစားပါက ဓားနှင့်ထိုးသတ်မည်ဟုပြောခဲ့ပါသည်။ မောင်ခ--- ၏လက်မှထွက်ပြေးလွတ်မြောက်ရန် မက--- ရုန်းကန်သည့်အချိန်တွင် ကလေးငယ်အား ၎င်း၏လက်ဖြင့်ဖိသောကြောင့် ကလေးငယ်မှ ကျယ်လောင်စွာအော်ငိုခဲ့ပါသည်။ ထို့ကြောင့် မောင်ခ--- မှ မကြာမီ ၎င်းအားရှာဖွေတွေ့ရှိမည်ကိုတွေးကာ ထွက်ပြေးသွားခဲ့ပါသည်။<br><br>မက---သည် သူမ၏ကလေးငယ်နားအိပ်သည့်အချိန်တွင် ဖယောင်းတိုင်မီးတစ်တိုင် အမြဲထွန်းထားကာ အိပ်ရာဝင်လေ့ရှိပါသည်။ သူမအိပ်နေသည့်အခန်းသည် ထွန်းလင်းတောက်ပနေဆဲဖြစ်သဖြင့် ၎င်းအား အဓမ္မပြုကျင့်ရန် ကြိုးပမ်းသူ၏မျက်နှာကိုမှတ်မိပြီး ထိုသူမှာမောင်ခ--- ပင်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်စောစောအချိန်တွင် မက--- သည် အမှတ် (၁) ရပ်ကွက်အုပ်ရေမှူး၏နေအိမ်သို့သွားရောက်ခဲ့ပြီး ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာကို ၎င်းထံတင်ပြခဲ့ပါသည်။ မောင်ခ--- အား စွပ်စွဲမှုနှင့်ပတ်သက်၍ (လက်တန်း) မေးခွန်းမေးပြီးသည့်နောက် ၎င်းတွင်အပြစ်မရှိကြောင်းငြင်းဆိုသဖြင့် ရပ်ကွက်လူကြီးမှ အရေးယူဖြေရှင်းပေးရန်ငြင်းဆိုမှုပြုခဲ့ပါသည်။<br><br>၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် မက--- နှင့် မိသားစုဝင်များကိုခေါ်တွေ့ကာ ဤမှုခင်းကိုရုပ်သိမ်းပေးရန် ပြောခဲ့ပါသည်။ မက---သည် ဤမှုခင်းကိုမရုပ်သိမ်းပေးနိုင်ပဲ ကရင်အမျိုးသားအစည်းအရုံး (KNU) အာဏာပိုင်များထံသို့ (သူမနေထိုင်သည့်မြို့နယ်သည့် KNU ထိန်းချုပ်မှုဒေသ၏အပြင်ဖက်တွင်ရှိပြီး ၎င်းတို့၏ တရားရေးဆိုင်ရာလက်လှမ်းမှီနိုင်မှုထက် ကျော်လွန်နေပါသည်။) လွှဲပြောင်းနိုင်ရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ထောက် ခံစာတစ်စောင်တောင်းဆိုခဲ့ပါသည်။ သို့သော်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ သူမတောင်းဆိုသည့်ထောက်ခံစာကိုမပေးပဲ ဤအမှုအား ဒေသခံနယ်ခြားစောင့်တပ် (BGF) ထံသို့လွှဲပြောင်းစေလိုခဲ့ပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ BGF ထံသို့ ဤအမှုအားလွှဲပြောင်းမည့်စာထဲတွင် လက်မှတ်မထိုးပါက အမှုရှုံးလိမ့်မည်ဖြစ်ကြောင်း သူမကို (မှားယွင်းစွာဖြင့်လိမ်လည်) ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် BGF ထံသို့လွှဲပြောင်းမည့်စာထဲတွင် လိုလားမှုမရှိပဲ လက်မှတ်ရေးထိုးပေးခဲ့ရပြီး ၂၀၂၃ ခုနှစ်၊ မေလတွင် ထိုစာကို BGF ထံသို့ပေးပို့ခဲ့ပါသည်။ ထိုအချိန်ကတည်းက (၂၀၂၃ ခုနှစ်တွင်) အဆိုပါသတင်းအချက်အလက်အပေါ် တုန့်ပြန်မှုမရှိပဲ အမှုကိုကိုင်တွယ်ဖြေရှင်းပေးခြင်းမရှိပဲ ဖြစ်နေပါသည်။ |

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။ |
| --- |
| KHRG အား ဤသတင်းချက်အလက်များကို အသုံးပြုရန်အတွက် ပြစ်မှုကျူးလွန်ခံရသူမှ ခွင့်ပြုချက်ပေးထားပါသည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။